သို့
ဗိုလ်ချုပ်မှူးကြီးဦးသန်းရွှေ
ဥက္ကဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ရန်ကုန်မြို့။

အကြောင်းအရာ။ ။ ၁၇၊ ၃၊ ၀၆ သောကြာနေ့ ည ၉ နာရီကျော်ခန့်တွင် သီရိမင်္ဂလာဈေးအနီး၌ စည်ပင်၊ ရဲ၊ အရံမီးသတ်များ ရိုက်နှက်၍ ဒဏ်ရာများပြင်းထန်စွာနှင့် မချိမဆန့်ခံစားရပြီး နောက်တနေ့ ၁၈၊ ၃၊ ၀၆ စနေနေ့ နံနက် (၁၁ း ၄၀)နာရီတွင် ရန်ကုန်ဦးနှောက်နှင့် အာရုံကြောအထူးခွဲစိတ်ကုသဆောင်၌ သေဆုံးသွားရသော မောင်သက်နိုင်ဦး၏ ဖြစ်ရပ်ကိစ္စများဖြစ်ပါသည်။

ကျွန်မ ဒေါ်စန်းရီ(အဘ) ဦးဘိုးထွား – မှတ်ပုံတင်အမှတ် ၁၂/ကမတ (နိုင်) ၀၁၆၇၁၅ သည် ကွယ်လွန်သူ မောင်သက်နိုင်ဦး၏ မိခင်ဖြစ်ပါသည်။ ကျွန်မသည် အဲ့ဒီအချိန်မှာ မိခင်ဖြစ်သူ ဒေါ်အုန်း အသက် (၉၁)နှစ် ပေါင်ကျိုး၍ အကယ်ဒမီဆေးရုံတွင် နေ့ရောညပါ စောင့်ရှောက်နေရပါသည်။ အိမ်မှာ ကျွန်မမရှိခဲ့ပါ။ ၁၈၊ ၃၊ ၀၆ နံနက် (၄)နာရီကျမှ ဆေးရုံသို့ သားကြီးက လာခေါ်ပါသည်။ မေမေစိတ်အေးအေးထားပါ။ မေမေ့မှာ တရားနှလုံးသွင်းမှုတွေရှိပါတယ်။ သားပြောစရာရှိတယ်လို့ပြောပါသည်။ ကျွန်မက ပြောပါသားရယ် မေမေခံနိုင်ရည်ရှိပါတယ်လို့ပြောတော့ သက်နိုင် အရိုက်ခံရလို့ သားကတော့ လိုအပ်တာတွေ အကောင်းဆုံးဖြစ်အောင် အားလုံးဆောင်ရွက်ထားပါတယ်ဟုပြောပြီး ဦးနှောက်နဲ့ အာရုံကြောအထူးခွဲစိတ်ကုသဆောင်သို့ ခေါ်ခဲ့ပါသည်။

ဆေးရုံရောက်လို့ သားကို မြင်လိုက်ရတဲ့အချိန်မှာ အလွန်ဘဲကြေကွဲဝမ်းနည်းပြီး ကျွန်မ ဘယ်လိုမှ ဖြေသိမ့် လို့မရနိုင်ခဲ့ပါဘူး။ သားရဲ့ခြေထောက်၊ ပေါင်၊ လက်၊မျက်နှာ၊ဦးခေါင်း တွေမှာ ဒဏ်ရာတွေများစွာနဲ့ နှာခေါင်းမှာလည်း သွေးများယိုစီး ကျလို့ သတိလည်းမရ သူ့နားနားကို ကပ်ပြီး တိုးတိုးလေးနှိုးပြီး သားရယ်နိုး ပါတော့ မေမေအနားမှာရောက်နေပြီလို့ပြောတော့လည်းသူမကြားဘူး၊ ကျွန်မဘယ်လိုမှ ဖြေလို့မရအောင် ခံစားခဲ့ရပါတယ်။ ဒါနဲ့ သားကိုခဏထားခဲ့ပြီး ကြည့်မြင်တိုင်ရဲစခန်းကို နံနက် (၁၀) နာရီလာပြီး ကျွန်မ သားအရိုက်ခံရလို့ သတိမေ့နေပြီ၊ အမှုမှန်ပေါ်အောင် တရားဥပဒေအရ အရေးယူပေးဘို့ အမှုဖွင့်ခဲ့ပါသည်။ နောက်ဆေးရုံသို့ပြန်သွားပြီးသားရဲ့အခြေအနေကို စောင့်ကြည့်နေ ပါသည်။ စက်ပေါင်းစုံနဲ့ နှိုးထားပေမဲ့ နံနက် (၁၁ း ၄၀)နာရီမှာ သေဆုံးသွားခဲ့ပါသည်။ သားရဲ့ဈာပန မြေကျပြီးနောက်တနေ့မှာ ရဲစခန်းသွားပြီး သားသေဆုံးသွားပြီ။ အမှုထပ်ဖွင့်ရမှာလားလို့ သွားမေးတော့ ရဲစခန်းကဘဲ ပုဒ်မပြောင်းတယ်ဆိုတဲ့ အကြောင်းသိခဲ့ရပါသည်။



စစ်ဗိုလ်စစ်သားများ မိုက်ကြေးခွဲ
ဗိုလ်ကျနိုင်ရန်ဥပဒေရှိသည့်နည်းတူ
အပြစ်မဲ့အကာကွယ်မဲ့ပြည်သူတို့ကို
အကာကွယ်ပေးရန်
ဥပဒေမရှိတော့ပြီလော။

ရက်မလည်ခင် မျက်မြင်သက်သေများပြောပြသလောက် ကျွန်မသိရသည်မှာ သားနှင့် သူငယ်ချင်းနှစ်ယောက် သီရိမင်္ဂလာဈေး ချစ်ဝိုင်းလ္ဘက်ရည်ဆိုင်မှာ လ္ဘက်ရည်သောက်ပြီးမှောင်နေတော့ အဲဒီအနားအပေါ့သွားစဉ်၊ စည်ပင်ဝန်ထမ်း၊ တက်တိုး –ကုလားလိုလူက ဇက်ပိုးအုပ်နားရင်းရိုက်တော့ မင်းငါ့ကိုရိုက်တယ်၊ ပြန်လာခဲ့မည်ဟုပြောသွားကြောင်း၊ နောက်ပြန်လာပြီး သူ့ကိုရိုက်သူကိုရှာနေစဉ် ရဲ၊ မီးသတ်၊ စည်ပင်များမှ ကြိုတင်စီစဉ်ထားသည့်အတိုင်း သူငယ်ချင်း

နှစ်ယောက်ကို ဖမ်းချုပ်ပြီး၊ သားတယောက်တည်းကိုပဲ ရဲမှ နံပါတ်ဒုတ်နှင့်ရိုက်ခြင်း၊ မီးသတ်မှ သစ်သားဒုတ်နှင့်ရိုက်ခြင်း၊ ခေါင်းကွဲပြီးသွေးများစိုရွှဲနေခြင်း၊ သတင်းပေး အောင်မြတ်သူမှ သံချွန်ပါသော ထမ်းပိုးနှင့်ရိုက်ခြင်း၊ သံချွန်မှာ တော်တော်နှင့်ဆွဲနှုတ်လို့မရခြင်း၊ သားမှမင်းငဲ့ကိုရိုက်တယ်၊ မင်းအောင်နိုင်ညီ ငါသိတယ်ပြောခြင်း၊ အောင်မြတ်သူကပင် ဒီကောင် နိုင်ငံရေးသမား၊ တောပြန် အပြတ်ရှင်းပစ်ဟုပြောခြင်း နောက်သားက ဓါးဖြင့်ကာပြေး ပြေးခြင်း၊ နောက်မှ မီးသတ်၊ ရဲ၊ စည်ပင်မှ သူခိုးဟုအော်ခြင်း၊ သားမှ ကျွန်တော်သူခိုးမဟုတ်ကြောင်း၊ နိုင်ငံကြီးသားဖြစ်ကြောင်း၊ နိုင်ငံကြီးသားဆို ပိုချကြဟုအော်ခြင်း၊ နောက် ဓါးပိုက်နှိုက်ဟုအော်ခြင်း၊ နောက် ဆံရှည်နှင့်လူက ဝါးလုံးနှင့်ရိုက်ခြင်း၊ ယိုင်သွားခြင်း၊ ရဲများမှ ကုန်းသီးသံလုံးများကို လေးဂွနှင့်ပစ်ခြင်း၊ ကျောက်ခဲများ၊ အုတ်ခဲများနှင့်ပစ်ခြင်း၊ ဒူးထောက်ကျသွားခြင်း၊ သားနှင့် စ ပြဿနာဖြစ်သူ တက်တိုး – ကုလားလိုလူက ချေထောက်များကိုရိုက်ခြင်း၊ မီးသတ်မှ ၄' × ၄' သို့မဟုတ် ၄' × ၂' တုံးနှင့် စုံကိုင်ရိုက်ချလိုက်စဉ်သားမှာ မှောက်သွားခြင်း၊ နောက်တယောက်က အုန်းသီးခန့်ကျောက်တုံးနှင့် ထုလိုက်ရာ သားမှာ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး၊ ငြိမ်သွားခြင်းပြီးမှ ရဲတင်မောင်နီမှ တော်လောက်ပြီ ရပြီဆိုပြီးတော့ ကျောပေါ်ူးထောက်ပြီး လက်ကို နောက်ပြန် လက်ထိပ်ခတ်ပြီး ဆိုက်ကားပေါ်မှောက်လျက်တင်၍ အနောက်ပိုင်းဆေးရုံသို့ပို့သည် ဟုသိရပါသည်။ နောက် တင်မောင်နီမှ အဝတ်လဲပြီး ၎င်းနေရာတွင် ဘယ်သူတွေလုပ်တာလဲ တော်တယ် ဆုပေးမည်ဟု ပြောတော့ ကျွန်တော်က ဘာလုပ်လိုက်တယ် ပြောတဲ့သူ ဆိုက်ကားသမားများကို စခန်းလိုက်ခဲ့ဟုခေါ်သွားပြီး တရားခံများအဖြစ် ပြုလုပ်လိုက် ကြောင်း သိရပါသည်။

အချို့မျက်မြင်သက်သေများမှာ မခံရပ်နိုင်လွန်းလို့ မြင်တွေ့သမျှပြောပြချင်တယ် လာခဲ့ပါဟု ခေါ်ပါသည်။ ရုံးတော်ကိုတော့ မလိုက်ရဲပါ အဖြစ်မှန်သိသူများကို တမိသားစုလုံး ဒုက္ခရောက်သွားမယ် စီးပွားပျက်သွားမည်ဟု ချိန်းခြောက်ထားသောကြောင့် မလိုက်ရဲပါဟုပြောသဖြင့် ကျွန်မလည်း မထူးခြားသည့် အတွက် နားထောင်စွမ်းအားလည်း မရှိတော့ပါ၍ သွားရောက်တွေ့ဆုံခြင်း မပြုတော့ပါ။

ယ္ခုလို သားငယ်ကို အကြင်နာကင်းမဲ့ပြီး ရက်ရက်စက်စက် မသေမချင်း ရိုက်သတ် ခဲ့သည့်တရားခံများကို ထိန်ချန်ထားပြီး နောက်ဆုံးဆွမ်းကြီးလောင်း လေးငါးယောက်ကို တရားခံအဖြစ်ဖော်ထုတ်ထားပါသည်။ လုပ်ပိုင်ခွင့် တကျပ်ဖိုးရထားသည်ကို တထောင်ဖိုးလောက်သုံးပြီး မင်းမဲ့စရိုက်အကျင့်များနှင့် (တရားဥပဒေစိုးမိုးရေးကို) မလိမ့်တပါတ်နှင့် လိမ်ညာလှည့်စား အကြမ်းဖက်မှုများနှင့် ပြုလုပ်ပြီး ချိုးဖျက်လိုက်ခြင်းဖြစ်ပါသည်။

တိုင်းပြည်၏ အကြီးအကဲများမှာ တိုင်းကျိုးပြည်ပြုလုပ်ငန်းများနှင့် မအားမလပ်ဖြစ်နေသည်ကို ကျွန်မသိပါသည်။ ဒါပေမဲ့ ကျွန်မ၏သားငယ် မချိမဆန့်ဒဏ်ရာများနဲ့ ရေတိမ်နစ်ခဲ့ရသလို ကျွန်မ၏ ရင်ထဲမှာလည်း ဖြေသိမ့်လို့မရနိုင်တဲ့ဝေဒနာ ရင်နဲ့အပြည့်ခံစားနေရပါသည်။

သို့ပါ၍ သားငယ်သေဆုံးရခြင်းနဲ့ ပါဝင်ပတ်သတ်နေသော တရားခံအစစ်များ ပေါ်ပေါက်ရေးနှင့် တရားဥပဒေအရအရေးယူဆောင်ရွက်ပေးနိုင်ပါရန် အားကိုးပြီး ရိုသေလေးစားစွာဖြင့် အသနားခံ တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
(လက်မှတ်)
ဒေါ်စန်းရီ
မှတ်ပုံတင်အမှတ် – ၁၂/ကမတ(နိုင်) ၀၁၆၇၁၅
အမှတ် (၆၆၅) ပန်းတဉ်းတန်း
အောက်ကြည့်မြင်တိုင်လမ်းမကြီး၊
ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

မိတ္တူကို –
၁။ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး
ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။
၂။ ဗိုလ်ချုပ်ကြီး သူရရွှေမန်း
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။
၃။ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ
တပ်မတော်စစ်ဘက်ဆိုင်ရာ လုံခြုံရေးအရာရှိချုပ်
၄။ ဗိုလ်ချုပ်လှဋ္ဌေးဝင်း
ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။
၅။ ဗိုလ်ချုပ်ကြီးစိုးဝင်း
ဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ရုံး/ရန်ကုန်။
၆။ ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန။
၇။ ညွှန်ကြားရေးမှူးချုပ်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။
၈။ ရဲချုပ်
ရဲချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။
၉။ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်
အတွင်းရေးမှူး(၁) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။
၁၀။ ဦးအောင်တိုး တရားသူကြီးချုပ်
ပန်းဆိုတန်းလမ်း၊ ရန်ကုန်။
၁၁။ ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကြည့်မြင်တိုင်မြို့နယ်။
၁၂။ ဥက္ကဋ္ဌ
ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အလုံမြို့နယ်။